# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

May 18 , 2023 Volume 66, Number 12

## စားသုံးဆီဈေးများ မြင့်တက်လာ

ပြည်တွင်း လယ်ယာစိုက်ပျိုးရေးထွက်ကုန်ဖြစ်သည့် မြေပဲဆီ၊ နှမ်းဆီနှင့် စားအုန်းဆီဈေးနှုန်းများ မြင့်တက်လာကြောင်း ပွဲရုံများနှင့် စားသုံးသူများထံမှ သိရသည်။

လက်ရှိတွင် မြေပဲဆန်ဈေးကလည်း တစ်ပိဿာကို အနိမ့်ဆုံး ၆၅၀၀ ကနေ ၈၀၀၀ ကျော်အထိဈေးမြင့်တက်လာပြီး မြေပဲဆီဈေးက တစ်ပိဿာကို ၁၅၀၀၀ ကျပ်ကနေ ၁၇၀၀၀ ကျပ်အထိ ဈေးမြင့်တက်လာနေ ကြောင်းသိရသည်။

နှမ်းဈေးကလည်း ၄၅ ပိဿာကို ၂၇၀၀၀၀ ကျပ်ကနေ ၃၂၅၀၀၀ ကျပ် ဝန်းကျင်အထိ ဈေးရှိနေပြီး နှမ်းဆီဈေးကတော့ တစ်ပိဿာကို ၁၈၀၀၀ ကျပ်အထိ ရှိနေကြောင်းသိရသည်။ "ခုချိန်က မြေပဲလည်း လှောင်ပဲပဲရှိတယ်၊ တောင်သူတွေ လှောင်ထားသူရှိမယ်၊ မျိုးချန်ထားတဲ့ပဲရှိမယ်၊ ခုက အရင်က နှုတ်ထားတဲ့ မြေပဲတွေ သိုလှောင်ထားတာပဲရှိတာပေါ့။ လှောင်ထားနိုင်တဲ့ တောင်သူတွေကတော့ အကျိုးအမြတ်များတာပေါ့။ ကုန်သည်တွေလက်ထဲမှာရှိမယ်၊ မနှစ်ကစပြီး မြေပဲဆန်ဈေးတက်လာတာပေါ့။ ခုနှစ်ကပိုဈေးမြောက်လာတာပေါ့ ၊ မြေပဲဆန်ဈေးတက်တော့ ဆီဈေးကလည်းတက်မှာပဲ။ မြေပဲဆီအစစ်ရရင်တော့ ကံကောင်းတာပေါ့။ တကယ့် အစစ်ကတော့ရှိမယ် နည်းမယ်" ဟု မြေပဲစိုက်တောင်သူတစ်ဦးမှ ပြောသည်။

ထို့ကြောင့် ပြည်တွင်းထွက်ပစ္စည်းဖြစ်သော်လည်း ပြည်တွင်းနေထိုင်သူ အများစု မြေပဲဆီနှင့်နှမ်းဆီကို သုံးစွဲနိုင်ခြင်းမရှိဘဲ ပြည်ပမှတင်သွင်းသည့် စားအုန်းဆီကိုသာ အများဆုံးသုံးစွဲနေရကြောင်းသိရသည်။ ပြီးခဲ့သည့် မြေပဲ၊နှမ်းစိုက်ရာသီတွင် နယ်မြေမအေးချမ်းသည့်နေရာများတွင် စိုက်ပျိုးရန် အခက်အခဲများဖြစ်ပေါ်ခဲ့ခြင်းကြောင့် စိုက်ဧကများလျော့ကျခဲ့သလို မြေပဲအထွက်နှုန်းလျော့ခဲ့ကြောင်းသိရသည်။

မြေပဲနှင့်နှမ်းကို ပြည်တွင်းရှိ မကွေးတိုင်း၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းတို့တွင် အဓိကစိုက်ပျိုးပြီး မြေပဲဆီကတော့ နေရာအများစုမှာ ဆီကြိတ်ခွဲထုတ်လုပ်ရောင်းချကြကြောင်း သိရသည်။

ပြည်ပမှ စားအုန်းဆီဈေးနှုန်းသည်လည်း ပြင်ပလက်လီဈေးကွက်တွင် စားသုံးဆီ တစ်ပိဿာကို ၇၅၀၀ ကျပ်ရှိပြီး စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ထုတ်ပြန်ထားသည့် ရည်ညွှန်းဈေးကမူ စားသုံးဆီ တစ်ပိဿာကို ၄၅၀၀ ကျပ်ကျော်သာရှိသောကြောင့် တစ်ပိဿာကို ၃၀၀၀ ကျပ် ဝန်းကျင် ကွာဟနေကြောင်းသိရသည်။

ပြည်တွင်းတွင် စားသုံးဆီ ထုတ်လုပ်နိုင်မှုပမာဏသည် လုံလောက်ဖူလုံမှု မရှိသည့်အပြင် ဈေးနှုန်းပိုင်းတွင်လည်းမြင့်နေသည့်အတွက်ကြောင့် စားအုန်းဆီကို

၁၈.၅.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၇၇ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၈၆၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၆၉.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၁.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၁၀.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၉၄.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၈.၆၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၄၃၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၇.၃၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၂.၉၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၁၈၀ ကျပ် |

Source: CBM Rate, etrademyanmar.com

CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

ပြည်ပကနေ နှစ်စဉ် ဆီတန်ချိန် ၉ သိန်းကျော် တင်သွင်းနေရဆဲဖြစ်ဟု သိရသည်။

**Source: (AMIA)**

**Awba**

## မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်၏ ကုန်သွယ်မှုအခြေအနေ

မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်အနေဖြင့် (16-5-2023) ရက်နေ့တွင် ပို့ကုန်တန်ဖိုးကန် ဒေါ်လာ(0.807)သန်း၊ သွင်းကုန်တန်ဖိုး ကန်ဒေါ်လာ (1.334) သန်း၊ ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ (2.141) သန်း ဆောင်ရွက်နိုင်ခဲ့သည်။

အများဆုံး အမှန်တင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများမှာ ငရုတ်သီး (၁၂၆.၀၆၀) တန်၊ ငါးရှဥ့် (၃၀.၄၀၀) တန်၊ ရေခဲပုစွန် (၁၅.၈၅၀) တန်၊ ကြက်သွန်နီ (၂၉၀.၀၀၀) တန်၊ ကြေးနီ (၃၁.၅၀၀) တန်၊ ပုစွန်ဖွဲ (၁၀၀.၀၀၀) တန်၊ မိကျောင်းကွမ်းဖတ်စေ့ (၄၀.၃၂၀) တန်၊ နနွင်းတက် (၅၃.၂၀၀) တန်၊ သရက်သီး (၆၀.၀၀၀) တန်နှင့် မြေပဲ (၁၅.၃၅၀) တန်တို့ဖြစ်သည်။

အများဆုံး အမှန်တင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ယာဉ်နှင့် ယာဉ်ယန္တရားများ၊ သံပိုက်၊ ဝါယာကြိုးခေါင်း၊ လက်တွန်းလယ်ထွန်စက်(အင်ဂျင်မပါ)၊ ဆလင်ဒါ (စက်အပိုပစ္စည်း)၊ လိမ္မော်သီး၊ ဘတ္တရီ၊ ဓာတ်ဗူး၊ ကားတာယာ/ကျွတ်နှင့် ပီနံအိတ်တို့ဖြစ်သည်။

၂၀၂၃ ခုနှစ်၊ မေလ ၁ ရက်နေ့မှ ၁၆ ရက်နေ့ထိ ပို့ကုန်တန်ဖိုး ကန်ဒေါ်လာ (18.383) သန်း၊ သွင်းကုန်တန်ဖိုး ကန်ဒေါ်လာ (40.36) သန်း၊ ကုန်သွယ်မှုတန်ဖိုး ကန်ဒေါ်လာ (58.743) သန်း ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သည်။ MACSS စနစ်အရ ငွေလဲနှုန်း တစ်ယွမ်လျှင် (၃၀၃.၅၉၃) ကျပ်ဖြင့် တွက်ချက်ထားရှိခြင်းဖြစ်ပြီး လက်ရှိတွင် ကုန်သွယ်မှုလမ်းကြောင်း ကောင်းမွန်လျက် ရှိကြောင်း သိရှိရသည်။

**Source:** https://www.commerce.gov.mm/my/article/update-news-border-area-trade

## တရုတ်နိုင်ငံ၏ ဝယ်လိုအားမြင့်တက်လာမှုကြောင့် ထိုင်းသစ်သီးဈေးနှုန်း မြင့်တက်

ထိုင်းနိုင်ငံအတွင်းရှိ သစ်သီးများ၏ဈေးနှုန်း အထူးသဖြင့် ဒူးရင်းသီးနှင့် မင်းဂွတ်သီးဈေးနှုန်းများသည် တရုတ်၏ ဝယ်လိုအားအဆက်မပြတ် မြင့်တက်လာခြင်း၊ ပို့ဆောင်ရေးဝန်ဆောင်မှုများ တိုးတက်လာခြင်းနှင့် တင်ပို့မှုကုန်ကျစရိတ် ကျဆင်းလာခြင်းတို့ကြောင့် မြင့်တက်လာကြောင်း ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်တွင်း ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mr. Wattanasak Sur-iam က ပြောကြားလိုက်ပါသည်။

အဆင့် A နှင့် B ရှိသော ဒူးရင်းသီးဈေးနှုန်းသည် ၁ ကီလိုဂရမ်လျှင် ဘတ် ၁၉၀-၂၀၀ အတွင်းရှိပြီး ယခုနှစ် ရာသီအတွက် အမြင့်ဆုံးဖြစ်ကြောင်း၊ မင်းဂွတ်သီးဈေးနှုန်းမှာ ၁ ကီလိုဂရမ်လျှင် ဘတ် ၂၀၀ ရှိကြောင်း ၎င်းကဆိုပါသည်။

ပို့ဆောင်ရေးဝန်ဆောင်မှုတွင် ကုန်သေတ္တာအများအပြား တင်ဆောင်ထားသော သင်္ဘော ၂၈ စီး ရောက်ရှိလာသဖြင့် တင်ပို့မှုစွမ်းရည်ကို ချဲ့ထွင်နိုင်ခဲ့ကြောင်း၊ ဦးစီးဌာနအနေဖြင့် သစ်သီးအထွက်နှုန်း အမြင့်ဆုံးရာသီတွင် သစ်သီးများနှင့် လယ်ယာထွက်ကုန်များကိုဝယ်ယူရန် လုပ်ငန်းရှင်များနှင့်ပူးပေါင်းဆောင်ရွက်သည့် "Omkoi Model" ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၆ လ တာကာလအတွင်း လယ်ယာထွက်ကုန် တန်ချိန် ၂၀၀,၀၀၀ ကို ဝယ်ယူနိုင်ခဲ့ပါကြောင်း၊ ထိုင်းနိုင်ငံမြောက်ပိုင်းမှ ထွက်ရှိသော လိုင်ချီးသီးနှင့် လေချူသီး၊ တောင်ပိုင်းမှထွက်ရှိသော ကနစိုသီးတို့အား အဆိုပါ ဝယ်ယူမှုပုံစံဖြင့် ဝယ်ယူလျက်ရှိပါကြောင်း ရှင်းလင်းပါသည်။

ထိုင်းနိုင်ငံ၊ အရှေ့ပိုင်းမှ ဒူးရင်းသီးနှင့်ကြက်မောက်သီး အထွက်နှုန်းမှာလည်း မြင့်တက်လျက်ရှိပြီး ဈေးကွက်အတွင်းသို့ ဖြန့်ချိလျက်ရှိပါကြောင်း ဦးစီးဌာန၏ ဒုတိယညွှန်ကြားရေးမှူးချုပ်ဖြစ်သူ Mr. Goranij Nonejuie က ဖြည့်စွက်ပြောကြား ပါသည်။

**(စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

**Source:** www.bangkok.gov

https://myantrade.gov.mm/article/Naypyitawstp_180520231227

## ဟောင်ကောင်အခြေစိုက် ကုမ္ပဏီ ၇၂ ရာခိုင်နှုန်းကျော် ပြည်ပဈေးကွက် ချဲ့ထွင်လို

ဟောင်ကောင်အခြေစိုက် ကုမ္ပဏီ ၁၀ ခုအနက် ၇ ခု (၇၂ ရာခိုင်နှုန်း) မှာ ၎င်းတို့၏ လုပ်ငန်းများကို ပြည်ပဈေးကွက်များသို့ တိုးချဲ့လိုကြသည်ဟု UOB ၏ စီးပွားရေးရာလေ့လာမှုအစီရင်ခံစာတွင် ဖော်ပြထားကြောင်း Hong Kong Business သတင်းဌာနမှ “7 in 10 HK-based firms eye overseas expansion” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

ဟောင်ကောင်အခြေစိုက်ကုမ္ပဏီများ၏ ၄၇ ရာခိုင်နှုန်းမှာ ပြင်ပဈေးကွက်သို့ တိုးချဲ့လုပ်ကိုင်သွားရန် အနည်းငယ်စိတ်ဝင်စားသော်လည်း ၂၆ ရာခိုင်နှုန်းမှာ အလွန်စိတ်ဝင်စားလျက်ရှိကြောင်း၊ လက်ကားရောင်းချသည့် ကုန်သွယ်မှု လုပ်ငန်းများမှာ လုပ်ငန်းချဲ့ထွင်ရန် စိတ်အဝင်စားဆုံးဖြစ်ပြီး၊ နည်းပညာလုပ်ငန်း၊ မီဒီယာနှင့်ဆက်သွယ်ရေးလုပ်ငန်း၊ ရေနံနှင့် ဓာတ်ငွေ့လုပ်ငန်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းနှင့် အင်ဂျင်နီယာလုပ်ငန်းများမှလည်း စိတ်ပါဝင်စားမှုမြင့်မားကြောင်း ရေးသား ဖော်ပြထားပါသည်။

ထိုသို့ပြည်ပဈေးကွက်သို့ တိုးချဲ့ရန် စိတ်ပါဝင်စားသည့် အကြောင်းရင်းသုံးချက်မှာ- အကျိုးအမြတ်တိုးမြင့်ရရှိရန်၊ နိုင်ငံတကာတွင် လုပ်ငန်း၏ဂုဏ်သတင်း တည်ဆောက်နိုင်ရန်နှင့် ၎င်းတို့၏ အခွန်အခတိုးမြင့်နိုင်ရန်ဖြစ်ကြောင်းနှင့် လုပ်ငန်းချဲ့ထွင်လိုသည့် လုပ်ငန်းအများစုမှာ နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုလမ်းကြောင်းများကို အသုံးပြုသွားမည်ဖြစ်ကြောင်း ရေးသားဖော်ပြထားပါသည်။

နည်းပညာလုပ်ငန်း၊ မီဒီယာနှင့်ဆက်သွယ်ရေးလုပ်ငန်းများအနေဖြင့် နယ်စပ်ဖြတ်ကျော် ဒစ်ဂျယ်တယ်ကုန်သွယ်ရေးလမ်းကြောင်းများကို အသုံးပြုသွားရန် စိတ်ပါဝင်စားနေကြောင်း ရေးသားဖော်ပြထားပါသည်။

အရှေ့တောင်အာရှဈေးကွက်တွင် ဟောင်ကောင်လုပ်ငန်းများ ချဲ့ထွင်လုပ်ကိုင်ရန် စိတ်ဝင်စားမှု အရှိဆုံးနေရာများမှာ စင်ကာပူ၊ ထိုင်းနှင့်ဗီယက်နမ်နိုင်ငံတို့ဖြစ်ကြောင်း စသည်ဖြင့်ရေးသားဖော်ပြထားပါသည်။

**စီးပွားရေးသံမှူး၊ ဟောင်ကောင်**

**Category:** International News

https://myantrade.gov.mm/article/Naypyitawstp170520230247

## လွယ်ဂျယ်နှင့် ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှု အခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကံပိုင်တည် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ မေလ ၆ ရက်မှ ၁၂ ရက်နေ့များအတွင်း တင်ပို့ခဲ့သော ပို့ကုန်၏ ငွေပမာဏစုစုပေါင်းတန်ဖိုးမှာ ၄၁၈၀၉၉၆.၃၈ ကန်ဒေါ်လာ တင်ပို့မှုရှိခဲ့ပြီး၊ သွင်းကုန်၏ စုစုပေါင်းငွေပမာဏတန်ဖိုးမှာ ၁၀၄၈၄၃၁.၀၀ ကန်ဒေါ်လာ တင်သွင်းမှုရှိခဲ့ပါသည်။

တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျော၊ မြေထောက်ပဲ၊ ဆန်ကွဲနှင့် ကြိမ်များ တင်ပို့ခဲ့ကြောင်း သိရှိရပါသည်။ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏသည် ၈၁၇၁၈၂.၃၈ ကန်ဒေါ်လာ ဖြစ်ပြီး၊ ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ငွေပမာဏတန်ဖိုးမှာ ၃၃၆၃၈၁၄.၀၀ ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

သွင်းကုန်ပစ္စည်းများမှာ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ လယ်ထွန်စက်များ၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ စက်နှင့်စက်ပစ္စည်းများ၊ ချည်ထည်များ၊ ကုန်ထုတ်စက္ကူများ၊ ဓါတ်မြေဩဇာများ၊ သားရေ/သားရေတုဖြင့်ပြုလုပ်သောပစ္စည်းများ၊ မော်တော် ဆိုင်ကယ်အပိုပစ္စည်းများ၊ သံပိုက်၊ မြက်ခင်းတုနှင့် ဂေါ်ပြားများ တင်သွင်းမှုရှိခဲ့ပါသည်။ ကံပိုင်တည် နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ငွေပမာဏမှာ ကန်ဒေါ်လာ ၂၈၂၉၈၇.၀၀ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၇၅၅၄၄၄.၀၀ တင်သွင်းမှုရှိခဲ့ပါသည်။

မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် ၀.၃၃၂ ယွမ် ဖြစ်ပြီး၊ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၃၀၁.၂၀ ကျပ် ရှိကြောင်းသိရှိရပါသည်။

Source: မနေ့လေ့မြေကုန်သွယ်မှုဗဟိုဌာန

## မန္တလေးကုန်စည်ဒိုင် နှမ်းဈေးကွက်အဝယ်သွက်၍ ဈေးမြင့်လာ

မန္တလေးကုန်စည်ဒိုင်တွင် မေလတတိယပတ်အတွင်း နှမ်းလက်ကျန်နည်းနေပြီး အဝယ်သွက်၍ ဈေးမြင့်လာသည်။ တရုတ်နယ်စပ်ဂိတ်များ ဖွင့်လှစ်လိုက်သည့်နောက်ပိုင်း တရုတ်လိုင်း၊ ရန်ကုန်လိုင်း အဝယ်သွက်နေသောကြောင့် နှမ်းဈေးမြင့်တက်လာကြောင်း မန္တလေးကုန်စည်ဒိုင် ဈေးကွက်မှသိရသည်။

**နှမ်းဖြူ(ရိုးရိုး)** ၄၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၃၂၀၀၀၀၊ ယခင်တစ်ပတ် ကျပ် ၂၅၅၀၀၀ မှ ၂၅၉၅၀၀၀၊ ယခင်လ ကျပ် ၃၁၀၀၀၀ မှ ၃၁၅၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၂၅၀၀၀ မှ ၆၅၀၀၀၊ ယခင်လထက် ကျပ် ၅၀၀၀ မှ ၁၀၀၀၀ မြင့်တက်လာသည်။

**နှမ်းညို** ၄၅ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်ကျပ် ၂၇၀၀၀၀ ၊ ယခင် တစ်ပတ်ကျပ် ၂၆၈၀၀၀ ၊ ယခင်လ ကျပ် ၂၅၅၀၀၀ မှ ၂၆၀၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ် ထက်ကျပ် ၂၀၀၀၊ ယခင်လထက်ကျပ် ၁၀၀၀၀ မှ ၁၅၀၀၀ မြင့်တက်လာသည်။

**နှမ်းနက်(စမုံ)** ၄၅ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၂၇၀၀၀၀ မှ ၃၄၀၀၀၀ ၊ ယခင်တစ်ပတ် ကျပ် ၂၅၅၀၀၀ မှ ၂၉၅၀၀၀ ၊ ယခင်လကျပ် ၂၄၀၀၀၀ မှ ၂၉၈၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက်ကျပ် ၁၅၀၀၀ မှ ၄၅၀၀၀၊ ယခင်လထက် ၃၀၀၀၀ မှ ၄၂၀၀၀ မြင့်တက်လာသည်။

Source: ရတနာပုံကုန်သွယ်မှုဗဟိုဌာန

## STOCK EXCHANGE (18.5.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 18th May, 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,142 (Shares) | 16,428,150 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,100 | +100 | +1.25% | 8,100 | 8,100 | 8,100 | 218 | 1,765,800 | 33,109,694 | 268,189 |
| MTSH | 00002 | 2,950 | +150 | +5.36% | 2,750 | 2,950 | 2,750 | 3,301 | 9,359,350 | 38,929,150 | 114,841 |
| MCB | 00003 | 7,000 | +0 | +0.00% | 7,000 | 7,000 | 7,000 | 413 | 2,891,000 | 10,400,986 | 72,807 |
| FPB | 00004 | 1,450 | +0 | +0.00% | 1,400 | 1,450 | 1,400 | 960 | 1,344,500 | 29,664,613 | 43,014 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 0 | 0 | 12,823,224 | 32,058 |
| EFR | 00006 | 2,550 | +0 | +0.00% | 2,550 | 2,550 | 2,550 | 50 | 127,500 | 19,977,223 | 50,942 |
| AMATA | 00007 | 4,700 | +0 | +0.00% | 4,700 | 4,700 | 4,700 | 200 | 940,000 | 10,497,598 | 49,339 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary


### Market summary

As of 18th May, 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 358.21 | +5.20 | +1.47% | 351.07 | 358.21 | 351.07 | 5,142 | 16,428,150 | 7 | 631,190 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 18th May, 2023

| Trading Volume | Trading Value |
|---|---|
| 5,142 (Shares) | 16,428,150 (MMK) |

## Main Board

As of 1:00 pm, 18th May, 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,142 (Shares) | 16,428,150 (MMK) |

| MYANPIX | 358.21 ▲ 5.20 |
|---|---|
| Total Volume (shares) | 5,142 |
| Total Value (MMK) | 16 mil |
| Listed Company | 7 |
| Market Cap. (MMK) | 631,190 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,100 | ▲ 100 |
| MTSH | 00002 | 2,950 | ▲ 150 |
| MCB | 00003 | 7,000 | ▲ 0 |
| FPB | 00004 | 1,450 | ▲ 0 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 2,550 | ▲ 0 |
| AMATA | 00007 | 4,700 | ▲ 0 |

TIR